ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

စာအမှတ်၊ ၂၄ / ၃၂ ၀၂
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၅ ရက်

သို့

အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အကြောင်းအရာ ။ **အပတ်စဉ်စီးပွားရေးသတင်းများ အစီရင်ခံတင်ပြခြင်း**

ရည်ညွှန်းချက် ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၁၇-၈-၂၀၁၈) ရက်စွဲပါ စာအမှတ် စက-၃၄/၁/၂/၂၀၁၈ (၂၄၈၂)

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့မှ ၁၂ ရက်နေ့အတွင်း ဟောင်ကောင်၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အပါအဝင် စီးပွားရေးသတင်းများဆိုင်ရာ စီးပွားရေးသံမှူး၏ အစီရင်ခံစာ ၃(က-၂) အား ပူးတွဲပေးပို့ တင်ပြအပ်ပါသည်။

**စုစုပေါင်း။ (၄) ရွက်**

ကောင်စစ်ဝန်ချုပ်(ကိုယ်စား)
(အေးသီခိုင်၊ စီးပွားရေးသံမှူး)

မိတ္တူကို

အမြဲတမ်းအတွင်းဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ရုံးလက်ခံ/ မျှော

စီးပွားရေးသံမှူး၏ အစီရင်ခံစာ ၃ (က-၂)
စီးပွားရေးသတင်းများ (ရင်းနှီးမြှုပ်နှံမှုအပါအဝင်)
(၆-၁-၂၀၂၀ မှ ၁၂-၁-၂၀၂၀)

အစီရင်ခံစာအမှတ် - ၂၄ /၂၀၂၀

**တရုတ်နိုင်ငံမှ ငွေကြေး၊ အမေရိကန်နိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ ပံ့ပိုးကူညီမှုများဖြင့် မြန်မာနိုင်ငံရှိ ကချင်ပြည်နယ်အနေဖြင့် အဆင်ပြေညီမျှမှုများရှိလာနိုင်ကြောင်း**

တရုတ်နှင့်အမေရိကန်နိုင်ငံ ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများတွင် အခက်အခဲအချို့ရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံရှိ ရန်ကုန်မြို့မှ ၁၂၀၀ ကီလိုမီတာအကွာအဝေးတွင်ရှိသည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ ရိုးရာယဉ်ကျေးမှု ကွာခြားချက်များ၊ လှပသောရှုခင်းများ ရှိသော်လည်း ဒေသတွင်းပဋိပက္ခများ၊ မူးယစ်ဆေးဝါးနှင့် ဆင်းရဲနွမ်းပါးမှုများကြောင့် ခရီးသွားဧည့်သည်များ လာရောက်မှု နည်းပါးလျှက်ရှိကြောင်း၊ သို့သော်မကြာသေးမီကာလက အကြီးတန်း အဆင့်မြင့် ဧည့်သည်တော်အဖွဲ့ ၂ ဖွဲ့လာရောက်ခဲ့ကြောင်း၊ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်းက Myitkyina Road Show အား ကျင်းပခဲ့ကြောင်း၊ အဆိုပါပြပွဲတွင် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများလည်း ပါဝင်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပြီး၊ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်စစ်သားများနှင့် တိုက်ပွဲဝင်ခဲ့သည့် စစ်မှုထမ်းဟောင်းများနှင့်တွေ့ဆုံခြင်းများပြုလုပ်ခဲ့ကြောင်း၊ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးအနေဖြင့် ကချင်ပြည်နယ်၌စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးလိုပါကြောင်းနှင့် ကချင်လူမျိုးများနှင့် အလုပ်များလုပ်ကိုင်လိုပါကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးမှ ပြောကြားခဲ့မှုအား ရေးသားဖော်ပြထားပါသည်။ အမေရိကန်သံရုံးမှ သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ကချင်ပြည်နယ်သို့သွားရောက်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ရန်ကုန်မြို့ရှိ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှလည်း ကချင်ပြည်နယ်သို့ သွားရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် ကူညီပံ့ပိုးသည့်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးမှ တရုတ်နိုင်ငံမှ ကူညီ ထောက်ပံ့ပေးမှုတံဆိပ် (“China Aid” Logo) တပ်ဆင်ထားသည့် လပ်တော့ပ်ကွန်ပြူတာ (Laptops ) ၊ ဆန်၊ စားသုံးဆီ အစရှိသည်တို့အား ဆေးရုံ၊ တက္ကသိုလ်၊ မျက်မမြင်ကျောင်းနှင့် မိဘမဲ့ကလေးများအတွက်လှူဒါန်းခဲ့ကြောင်းတရုတ်သတင်းဌာနဖြစ်သည့်ရှင်ဟွာသတင်းမှ Facebook စာမျက်နှာတွင် သတင်းဖော်ပြခဲ့ကြောင်း၊ အင်အားကြီးနိုင်ငံနှစ်နိုင်ငံမှ ကျောက်စိမ်း၊ ရွှေ၊ ပယင်း၊ သစ်နှင့်ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြင်း အစရှိသည့် သယံဇာတများပေါကြွယ်ဝပြီး တရုတ်နိုင်ငံ၊

ယူနန်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ကချင်ပြည်နယ်အား ပံပိုး ကူညီမှုများပေးပြီး ဆွဲဆောင်နေခြင်းမှာ အံ့သြစရာ မဟုတ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအတွက် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်းက နားလည်မှုစာချွန်လွှာအား နှစ်နိုင်ငံအစိုးရများအကြား လက်မှတ်ရေးထိုးခဲ့သော်လည်း အများစုမှာ သိရှိမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံ အနေဖြင့် ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနှံ့ရှိ စီးပွားရေး လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်လျှက်ရှိကြောင်း၊ ကချင်ဒေသခံများအနေဖြင့် စီးပွားရေးအရတရုတ်နိုင်ငံနှင့်လည်း ကောင်း၊ လူ့အခွင့်အရေးအတွက် အနောက်နိုင်ငံများနှင့်လည်းကောင်း ပတ်သက်ဆက်နွယ် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကချင်ပြည်နယ်၌ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက် မှုများမှာ ရောင်လွဲ၍ မရပါကြောင်း၊ ကချင်ပြည်နယ်၏ ရိုးရာယဉ်ကျေးမှုများ ပျောက်ပျက်မှာ စိုးရိမ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကြောင့် ငွေကြေးကိုသာကြည့်ပြီး လူသားချင်း စာနာထောက်ထားမှုများ ပပျောက်မှာ စိုးရိမ်လျှက်ရှိကြောင်း၊ မြန်မာ-တရုတ် စီးပွားရေး စင်္ကြံဆောက်လုပ်ရေးလုပ်ငန်းတွင် မြစ်ကြီးနားမြို့နှင့် ၂၅ ကီလိုမီတာအကွာအဝေးတွင်ရှိသည့် နန်ကျင်းစက်မှုဇုန်လည်း ပါဝင်ကြောင်း၊ သို့သော်ဒေသခံ ပြည်သူများမှ သဘောတူညီမှုမရှိသော ကြောင့် နိုဝင်ဘာလအတွင်းက မြေယာအငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နန်ကျင်းစက်မှုဇုန် မှာ ကြီးမားသော်လည်း တရုတ်နိုင်ငံအနေဖြင့် ဒေသခံပြည်သူများထံမှ သဘောတူညီမှုရရှိရန် ၎င်းတို့နှင့် အသေးစိတ်သေချာစွာ ဆွေးနွေးမှု မပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်က စတင် ဆောင်ရွက်လျှက်ရှိသည့် အကြီးစားစီမံကိန်း တစ်ခုဖြစ်သည့် မြစ်ဆုံရေအားလျှပ်စစ်ဆည် တည်ဆောက်မှု စီမံကိန်းနှင့် စပ်လျဉ်း၍ ဆန္ဒပြမှုများမှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံ အမတ်ကြီးဟောင်း Mr . Hong Liang မြစ်ကြီးနားမြို့သို့ သွားရောက်ခဲ့ပြီးနောက် ဆန္ဒပြမှုများ မှာ ရပ်တန့်သွားကြောင်းနှင့် ကချင်ဒေသရှိနိုင်ငံရေးခေါင်းဆောင်များမှ ဒေသခံပြည်သူများမှာ ကချင်ပြည်နယ်ရှိ စီမံကိန်းအား ဆန့်ကျင်မှုများ မရှိနိုင်ဟု ရန်ကုန်မြို့ရှိ တရုတ်သံရုံးမှ ပြောကြားခဲ့ကြောင်း၊ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်သည်အထိ ကချင်ပြည်နယ် ရှိ စီမံကိန်းများရပ်တန့်ရန် ကချင်ပြည်နယ် ပြည်သူ့ပါတီမှ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကချင်ပြည်နယ်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းသော် လည်းကောင်း အခြားသော အကြီးစား စီမံကိန်းများသော်လည်းကောင်း ယခုအချိန်တွင် မဆောင်ရွက်သင့်သေးကြောင်း၊ တရုတ်အနေဖြင့် ကချင်ပြည်နယ်ဒေသခံ ပြည်သူများနှင့် ဆွေးနွေးသင့်သော်လည်း ဗဟိုအစိုးရနှင့်သာ သွားရောက် ဆွေးနွေးလျှက်ရှိကြောင်း၊ ကချင် လူမျိုးအများစုမှာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် သွားရောက်နေထိုင်လျှက်ရှိပြီး နယ်စပ် ဖြတ်ကျော်ဆက်ဆံမှုမှာလည်း အရေးကြီးသောကြောင့် တရုတ်အစိုးရနှင့် ဆက်ဆံရေး ကောင်းမွန်ရန်လည်း လိုအပ်ကြောင်း ကချင်ပြည်နယ်ပြည်သူ့ပါတီမှဒုတိယဥက္ကဋ္ဌက ပြောကြား

ခဲ့ကြောင်း၊ Asia Voice မှ ဖော်ပြထားသည့် interview ၌ ကချင်ပြည်နယ်၌ ပြုလုပ်နေသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် စည်းမျဉ်းစည်းများ လိုက်နာမှုအားနည်းပြီး တရုတ်နိုင်ငံ၏ အကျိုးစီးပွားအတွက်သာ အဓိကထားဆောင်ရွက်လျှက်ရှိကြောင်း၊ ကချင်ပြည်နယ်တွင် တရုတ်လူမျိုးများ တရားမဝင် လာရောက်ရင်းနှီးမြှုပ်နှံ စိုက်ပျိုးလျှက်ရှိသည့် ငှက်ပျောစိုက်ခင်းများမှာ ကေပေါင်းထောင်ကျော်နေပြီးဖြစ်ပြီး ပတ်ဝန်းကျင်နှင့် မြေယာအသုံးချခွင့်တို့နှင့် ပတ်သက်၍ စိုးရိမ်မှုများ ကြီးမားလျှက်ရှိပါကြောင်း၊ ပြည်တွင်းစစ်နှင့် ကချင်ပြည်နယ် နယ်စပ်တစ်လျှောက်ရှိ လက်နက်ကိုင်များကြောင့် ပတ်ဝန်းကျင်နှင့် အလုပ်သမားများ၏ ဘေးကင်းလုံခြုံရေးအတွက်စဉ်းစား၍ တရုတ်ကုမ္ပဏီများအနေဖြင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း၊ ကချင်ပြည်နယ် ခရီးသွားအသင်းမှ ပြောကြားရာတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများအား ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံ၏ ဈေးကွက်မှာ ကြီးမားသောကြောင့် ၎င်းတို့အနေဖြင့် ရှောင်လွှဲနိုင်ခြင်း မရှိကြောင်း၊ တရုတ်နိုင်ငံနှင့် စီးပွားရေးဆောင်ရွက်မှုများအား လျှော့ချလိုခြင်း မရှိကြောင်းနှင့် ပိုမိုကြာရှည်ခံပြီး တာဝန်ရှိရှိ လုပ်ကိုင်ဆောင်ရွက်သည့် ချဉ်းကပ်မှုများဖြင့် ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်မှလည်း နိုဝင်ဘာလအတွင်းက ကချင်ပြည်နယ်အပါအဝင် ဒေသ ၃ ခုတွင် စိုက်ပျိုးရေးနှင့် အစားအသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်ရန် ၅ နှစ်စီမံကိန်းဖြင့် အမေရိကန် ဒေါ်လာ ၃၂ မီလီယံဖြင့် ဆောင်ရွက်လျှက်ရှိကြောင်း၊ ကချင်ပြည်နယ် မူးယစ်ဆေးဝါး ဖြေရှင်းနိုင်ရေးအတွက်လည်း အမေရိကန် ဒေါ်လာ ၆ မီလီယံ အသုံးပြုရန် ၅ နှစ်စီမံကိန်း အဆိုပြုလွှာတင်ခဲ့ကြောင်း၊ အမေရိကန်အနေဖြင့် ကချင်ပြည်နယ် စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးရန်နှင့် ငြိမ်းချမ်းရန် အပြုသဘောဖြင့်ဆောင်ရွက်လျှက်ရှိကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံလုံးဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်မည်မျှ ရရှိမည်ကို စဉ်းစားရမည်ဖြစ်ပြီး ကချင်လူမျိုးများ အကျိုးအမြတ်ရရှိရန် ဦးစွာစဉ်းစားရမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ဒေသခံများက ပြောကြားမှုများအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် South China Morning Post ၌ Mr. Emily Fishbein က ရေးသားဖော်ပြထားပါသည်။